ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

နဝမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့(၈၈.၈၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါ တယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ၆-၁၁-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိုနိုင်ကိမန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွန်ပေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဆေးဝါးကုသမှု ခံယူရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ FDA အစည်းအဝေးတက်ရောက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဗိုလ်မှူးကြီးတင်အောင်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးကျော်မင်းထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ မိခင်ဖြစ်သူနာရေး။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်နှင့် ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၁)ဦးဖြစ်ပြီး၊ စုစုပေါင်းခွင့်ပန်ကြားသူ (၂၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေ ကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**သနပ်ခါးပင်နှင့် သနပ်ခါးတုံးများကို အသေးစား သစ်တောထွက်ပစ္စည်းအဖြစ် သတ်မှတ်ထားပြီး ဒေသပေါက်ဈေး၏ (၂၅)ရာခိုင်နှုန်းကို သစ်တောအခွန်တော်အဖြစ် ပေးဆောင်စေရမည်ဆိုသော ညွှန်ကြားချက်ကို လက်ရှိအခြေအနေနှင့် လျော်ညီအောင် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။　　။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေက သနပ်ခါးပင်နှင့် သနပ်ခါးတုံးများကို အသေးစား သစ်တောထွက်ပစ္စည်းအဖြစ် သတ်မှတ်ထားပြီး ဒေသပေါက်ဈေး၏(၂၅)ရာခိုင်နှုန်းကို သစ်တောအခွန်တော်အဖြစ် ပေးဆောင်စေရမည်ဆိုသော ညွှန်ကြားချက်ကို လက်ရှိအခြေအနေနှင့် လျော်ညီအောင် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်အပေါင်းတို့ခင်ဗျား။ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာရှိကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး အမှတ်(၁၀)ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရေစကြိုက ဒေါက်တာကျော်ငွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းက သနပ်ခါးနှင့် သနပ်ခါးတုံးတွေကို အသေးစား သစ်တောထွက်ပစ္စည်းအဖြစ် သတ်မှတ်ထားပြီး ဒေသပေါက်ဈေးရဲ့ (၂၅)ရာခိုင်နှုန်းကို သစ်တောအခွန်တော်အဖြစ် ပေးဆောင်စေရမယ်ဆိုတဲ့ ပြဋ္ဌာန်းထားချက်အဟောင်းကို ပြုပြင်ပေးရန် ရှိ/မရှိဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောရေးရာဝန်ကြီးဌာနရဲ့ ၁၇-၇-၁၉၉၇ ရက်စွဲပါ ညွှန်ကြားစာအမှတ်၊ ၂/၂၂၀ (ဂ)(၃)/(၁၂၃၂/၉၇)အရ အသေးစား သစ်တောထွက်ပစ္စည်းလို့ သတ်မှတ်လိုက်သော အမျိုးပေါင်း (၅၈)မျိုးမှာ သနပ်ခါးဟာ အမှတ်စဉ်(၄၈)မှာ ပါဝင်နေပါတယ်။ ဒါ့အပြင် အဆိုပါ သစ်တောထွက်ပစ္စည်းများကို ဒေသပေါက်ဈေးရဲ့ (၂၅)ရာခိုင်နှုန်းအား အခွန်တော်အဖြစ် ပေးဆောင်ရမယ်လို့လည်း ထည့်သွင်းဖော်ပြထားပါတယ်။ သနပ်ခါးဟာ အပူပိုင်းဒေသမှာပေါက်ရောက်တဲ့ အပင်မျိုးမို့ မြန်မာပြည်မှာ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့မှာ များစွာပေါက်ရောက်တာ တွေ့ခဲ့ရပါတယ်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှာလည်း အသင့်အတင့် တွေ့နိုင်ပါတယ်။ ၁၉၄၈ ခုနှစ် မတိုင်ခင်က အဲဒီဒေသတွေမှာ သဘာဝပေါက်အပင်တွေအဖြစ်နဲ့ တွေ့ရတာ မှန်သော်လည်းပဲ ကာလရှည်ကြာလာပြီး လူဦးရေတိုးပွားလာတာနှင့်အတူ အသုံးပြုမှုများလာတဲ့အတွက် အပင်ခုတ်ယူခြင်း၊ အမြစ်တူးယူခြင်းတို့ ရှိလာကြရာမှ အပူပိုင်းဒေသ တောတောင်တို့မှာ မျိုးပြုတ်လုနီးပါး ရှားပါးလာခဲ့ပါတယ်။

အဲဒါကြောင့် ၁၉၅၇ ခုနှစ်လောက်ကစပြီးတော့ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ် ရှင်မတောင်ခြေဒေသမှာ သနပ်ခါးကို စိုက်ပျိုးတဲ့ဓလေ့တွေ စတင်ပြီးတော့ ပေါ်ပေါက်လာခဲ့ရပါတယ်။ ယခုအခါမှာ စီးပွားဖြစ်ခြံများအဖြစ်နှင့် စိုက်ပျိုးလာကြပြီး ဆီအုန်းတို့၊ ထန်းတို့ စတဲ့ ရာဘာတို့လို ဆယ်စုနှစ်ကာလနဲ့ချီပြီးကြာအောင် စနစ်တကျ ပြုစုစိုက်ပျိုးရတဲ့အပင်များအဖြစ် တွေ့ရပါတယ်။ သဘာဝပေါက်ပင်အဖြစ် အဲဒီဒေသ ခြောက်သွေ့တောတွေမှာ မတွေ့ရသလောက် ရှားပါးနေပါပြီ ခင်ဗျား။


ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို စိုက်ပျိုးပြုစုရာမှာလည်း အချိန်နဲ့ လူအင်အား၊ ငွေအင်အား စတဲ့ အရင်းအနှီးတွေ ကြီးမားစွာပေးကြရပါတယ်။ နှစ်ရှည်ပင်အမျိုးအစားမှာ ပါဝင်တဲ့အတွက် သနပ်ခါး တစ်ပင်ကို ရောင်းတမ်းဝင်ရန် အနည်းဆုံး (၈)နှစ်ကနေ (၁၅)နှစ်လောက်အထိ ပြုစုရပါတယ်။ ကိုယ်တိုင် လုံလစိုက်ထုတ်ပြီးတော့ ပြုစုခြင်းမပြုနိုင်လို့ ဝန်ထမ်းနဲ့လုပ်မယ်ဆိုလို့ရှိရင် (၁၀)ဧကလောက်ရှိတဲ့ ခြံတစ်ခြံရဲ့ ဝန်ဆောင်ခဟာ လစဉ်(၃)သိန်းကနေ (၅)သိန်းလောက်အထိ ရှိတယ်လို့လည်း သိရပါတယ်။ အဲဒါမို့ကြောင့် စိုက်ပျိုးပြုစုတဲ့တောင်သူတွေအနေနဲ့လည်း ငွေကုန်ကြေးကျ အရင်းအနှီးများပါတယ်။ ယခုအခါမှာ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ပေါက်မြို့နယ်တို့မှာလည်းကောင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း အရာတော်နှင့် မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်တို့မှာသော်လည်းကောင်း ဧကတွေ ထောင်နဲ့ချီပြီးတော့ စိုက်ပျိုးနေကြတာကိုလည်း တွေ့ရပါတယ်။

အဲဒီဒေသတွေက ရှင်မတောင်သနပ်ခါး စိုက်ပျိုးထုတ်လုပ်တဲ့ပုဂ္ဂိုလ်တွေဟာ ရှင်မတောင် သနပ်ခါး စိုက်ပျိုးထုတ်လုပ်သူများအသင်း ဆိုပြီးတော့လည်းပဲ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဦးစီးဌာနရဲ့ အားပေးမှုနဲ့ အသင်းတွေဖွဲ့စည်းနေကြပါတယ်။ အဲဒီအသင်းတွေကနေပြီးတော့ သနပ်ခါး ဟာ မြန်မာ့ထွက်ကုန်စစ်စစ်အဖြစ် မှတ်ပုံတင်နိုင်ရေးနဲ့ အသေးစား သစ်တောထွက်ပစ္စည်းအဖြစ် ကနေပြီးတော့ ပယ်ဖျက်နိုင်ရေးကိုလည်းပဲ သူတို့က ဆန္ဒရှိနေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပေးပါခင်ဗျား။ အဲဒါကတော့ ဒီဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်စာမိတ္တူ ဖြစ်ပါတယ်။ အဲဒါက ညွှန်ကြားချက်စာ အသေးစိတ်ပါ။ (၄၈)မှာ သနပ်ခါး ပါပြီးတော့ ဟိုဘက်မှာ အမှတ်စဉ်(၁၂)မှာ (၂၅)ရာခိုင်နှုန်း အခွန်ကို ပြထားပါတယ်။ ဒါကတော့ သနပ်ခါးစေ့ကနေပြီးတော့ သနပ်ခါးပျိုးပင်၊ သနပ်ခါးပျိုးပင်ကနေပြီးတော့ မြေကိုချတာ အဆင့်ဆင့် ပြောင်းလဲလာတဲ့ပုံလေးတွေကို ဗဟုသုတအဖြစ် ပြခြင်းဖြစ်ပါတယ်။ အဲဒါ (၂)နှစ်သား၊ (၄)နှစ်သားနဲ့ (၆)နှစ်သား၊ (၈)နှစ်သား သနပ်ခါးခြံတွေ ဖြစ်ပါတယ်။ သနပ်ခါးကို ရေစကြိုမြို့နယ်မှာ ဒီသနပ်ခါး စိုက်ပျိုးမှုကို စတင်တဲ့ Pioneer လို့ခေါ်တဲ့ သနပ်ခါးဖခင်ကြီးလို့ ပြောရမယ့် ဒါ ဦးဘဆန်း ပုံနှင့် သူ့ခြံက သနပ်ခါးပင်ပါ။ ဒါကတော့ ပခုက္ကူမှာရှိတဲ့ သနပ်ခါးပွဲရုံက သနပ်ခါး အခြေအနေတွေပါ။ ဒါကတော့ သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့သူများအသင်း ရေစကြိုရဲ့ လှုပ်ရှားမှုပါ။ အဲဒါကတော့ ဒီဘက်က ရှင်မတောင်သနပ်ခါးပွေးနဲ့ ဟိုဘက်က အရာတော် သနပ်ခါးပွေး နှိုင်းယှဉ်ပြထားတာပါ ဗဟုသုတ အဖြစ်။ ဒါက ညောင်ဦးမြို့နယ်၊ ညောင်ဦးအရှေ့ဘက်မှာရှိတဲ့ ရွှေပြည်နန်း သနပ်ခါးခြံပါ။ အဲဒါကတော့ ကျွန်တော်တို့ ရေစကြိုမြို့နယ်ရဲ့ သနပ်ခါး စိုက်ပျိုးတင်ပို့ထုတ်လုပ်သူများအသင်းရဲ့ Logo တံဆိပ် ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒါကြောင့် သနပ်ခါးဟာ သစ်တောထွက် အသေးစား သစ်တောထွက်ပစ္စည်းအဖြစ်နဲ့ သတ်မှတ်ထားတဲ့အတွက် သစ်တောဂိတ်တို့၊ ရဲဂိတ်တို့ကနေပြီးတော့ သနပ်ခါးကုန်သည်တွေအပေါ်မှာ ဖိစီး၊ အဲဒီကနေမှ ခြံရှင်တွေအပေါ်မှာ ဖိစီးတဲ့အတွက် ဒီဝန်ကြီးဌာနရဲ့ ၇-၇-၁၉၇၇ ရက်စွဲပါ ညွှန်ကြားစာကို ပြုပြင်ပေးဖို့ ရှိ/မရှိ သိလိုကြောင်းမေးခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ကြိဘာသံများ)

၇-၇-၇၉ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော သစ်တောဝန်ကြီးဌာန၏ စာမျက်နှာ မြင်ကွင်းပုံ (ခ)




သနပ်ခါးသီးမှ ပျိုးပင်၊ ၎င်းမှ မြေချစိုက်ပျိုးကြရပုံအား အဆင့်ဆင့် ဖော်ပြထားသော မြင်ကွင်းပုံ (ခ-၁)



၁၉၅၇ ခုနှစ်တွင် သနပ်ခါးကိုခြံဖြင့် စတင်စိုက်ပျိုးခဲ့သူ ရေစကြိုမြို့နယ် စိုင်သေရွာမှ ဦးဘဆန်း၏ မြင်ကွင်းပုံ (ခ-၂)



ရေစကြိုမြို့နယ် စိုင်သေရွာက ဦးဘဆန်း


ဦးဘဆန်းခြံမှ ကျပ် တစ်သိန်းတန် သနပ်ခါးပင်

**ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ကျောက်စခန်းကျေးရွာ အထက်ပိုင်း၊ လူနေအိမ်ခြေများ၊ မူလတန်းကျောင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးစသည့် ကျေးရွာလူထု နေထိုင်ရာ မြေနေရာတို့ကို သစ်တောနယ်မြေမှ စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ကျောက်စခန်းကျေးရွာအထက်ပိုင်း၊ လူနေအိမ်ခြေများ၊ မူလတန်းကျောင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးစသည့် ကျေးရွာလူထုနေထိုင်ရာ မြေနေရာတို့ကို သစ်တောနယ်မြေမှ စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း ဖြစ်ပါတယ်။ ခုမေးမယ့် မေးခွန်းဟာ ကျွန်တော်တို့ရဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၁၁)အတွက် ဆိုပေမယ့် အခြားသော တိုင်းနှင့် ပြည်နယ်အသီးသီးမှာလည်း အလားတူပြဿနာမျိုး ရှိနေနိုင်လို့ အားလုံးအတွက် ရည်ရွယ်ပြီး လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ကချင်ပြည်နယ်အတွင်းမှာ မိုးမောက်မြို့နယ်ဟာ အကျယ်အဝန်းဆုံးမြို့နယ်ဖြစ်ပြီး ရွာတော်တော်များများမှာ နေကြတဲ့

တိုင်းရင်းသားအများစုဟာ စစ်ရှောင်စခန်းတွေမှာ ခိုလှုံနေရာကနေ ယခုအခါ ပွင့်လင်းလာတာနဲ့အမျှ ကိုယ့်ရွာ၊ ကိုယ့်ဒေသကို ပြန်ပြီး လုပ်ကိုင်စားသောက်နေရတဲ့ကာလလည်း ဖြစ်ပါတယ်။ အဲဒီလို မိသားစု အလိုက် ဥယျာဉ်ခြံများ စိုက်ပျိုးခြင်း၊ အိမ်ရာဆောက်လုပ်ပြုပြင်ခြင်း စတာတွေကို မရှိမဲ့၊ ရှိမဲ့ စုဆောင်း ထားတာလေးတွေနဲ့ အရင်းအနှီးပြုပြီး ပြန်လည်နေထိုင်ကြတဲ့အခါမှာ တချို့ဒေသကျေးရွာများဟာ သစ်တော ကြိုးဝိုင်းထဲမှာပါနေတာတို့၊ တချို့ကလည်း ယခင် ရှေးနှစ်ပေါင်းများစွာ အစဉ်အဆက် နေထိုင်ခဲ့ကြပေမယ့် နောက်ပိုင်းမှ သစ်တောနယ်မြေ သတ်မှတ်လိုက်လို့ စတာတွေကြောင့် ယခုအခါမှာ တည်ဆဲဥပဒေအရ အလိုလို သစ်တောပုဒ်မတွေနဲ့ ငြိစွန်းသလို ဖြစ်နေတဲ့အတွက် နေထိုင်ရှာဖွေ စားသောက်ရဖို့ ရေရှည်မှာ စိတ်မအေးနိုင်ကြတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များထံ အကြိမ်ကြိမ် အကူအညီတောင်းခံလာခဲ့ ကြပါတယ်။

အဲဒါကြောင့်မို့ မေးခွန်းမှာ ဖော်ပြထားတဲ့ ကျောက်စခန်းကျေးရွာဟာဆိုရင် လက်ရှိ အိမ်ထောင်စုဦးရေ(၇၁)စုနဲ့ အများပြည်သူဆိုင်ရာ ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်း၊ ရပ်ရွာအုပ်ချုပ်ရေးမှူးရုံး၊ နယ်စပ်ကုန်သွယ် စစ်ဆေးရေးဂိတ် စတာတွေနဲ့ အတည်တကျ နေထိုင် လျက်ရှိတဲ့ ကျေးရွာအုပ်စုတစ်ခုဖြစ်တဲ့အပြင် ဗန်းမော်၊ မိုးမောက်၊ စိန်လုံ၊ လွယ်ဂျယ်၊ နယ်စပ်ကုန်သွယ်ရေး လမ်းမကြီး ဖြတ်သန်းသွားရာ နောက်နောင် ပိုမိုဖွံ့ဖြိုးလာနိုင်တဲ့ရွာလည်း ဖြစ်ပါတယ်။

ယခင်ကာလ သစ်တောနယ်မြေမှ စွန့်လွှတ်ရန် တိုင်းထွာဆဲ၊ စစ်ဆေးဆဲအချိန်မှာ စစ်ပွဲများ ကြောင့် လုပ်ငန်းရပ်တန့်သွားခဲ့ရခြင်းဖြစ်ပြီး (၁) အဆိုပါကျေးရွာ အထက်ပိုင်းအား သစ်တောနယ်မြေမှ စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိကိုလည်းကောင်း၊ (၂) မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့၊ မံပိန် ကျေးရွာနဲ့ ယခု ပိတ်ထားသည့် မူလတန်းကျောင်းနေရာတို့ကို လိုအပ်မှုအခြေအနေအရ သစ်တော နယ်မြေမှ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိကိုလည်းကောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အသက်ရေးတမျှ အခက်ဘေးအဝဝအတွက် ရတက်မအေးကြတဲ့ တိုင်းရင်းသား ပြည်သူများရဲ့ကိုယ်စား အလေးထားပြီး မေးမြန်းလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဥပဒေနှင့် ငြိစွန်းကြောင်းစာရွက်၏ မြင်ကွင်းပုံ (န)


(ခ) ဝန်ကြီးသည် သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ...
ချုပ်က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ...
ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊
(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်ရမည်။


အခန်း (၁၂)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင် ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -
(က) ကြိုးဝိုင်းတောအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊
(ခ) ကြိုးဝိုင်းတောအတွင်း အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊
(ဂ) ကြိုးဝိုင်းတောအတွင်း ခွင့်ပြုမိန့်မရှိဘဲ မြေကို ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊
(ဃ) ကြိုးဝိုင်းတောအတွင်း ရေစီးရေလာ ပျက်စီးစေခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊
(င) ကြိုးဝိုင်းတောအတွင်း တိရစ္ဆာန်များ ဖမ်းဆီးခြင်း၊ အမဲလိုက်ပစ်ခတ်ခြင်း သို့မဟုတ် ငါးဖမ်းခြင်း၊
(စ) ကြိုးဝိုင်းတောအတွင်း သစ်တောများ မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်သွားခြင်း သို့မဟုတ် မီးကြွင်းမီးကျန်များ ထားရှိခြင်း၊

သစ်တောနယ်မြေအတွင်း ရောက်ရှိနေသော မူလတန်းကျောင်း၏ မြင်ကွင်းပုံ (န-၁)



သစ်တောကြိုးဝိုင်းမြေမှ ပယ်ဖျက်ပေးရမည့် ဧရိယာပြမြေပုံကြမ်း၏ မြင်ကွင်းပုံ (န-၂)




**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေရဲ့ သနပ်ခါးပင်နှင့် သနပ်ခါးတုံးများကို အသေးစား သစ်တောထွက်ပစ္စည်းအဖြစ် သတ်မှတ်ထားပြီး ဒေသပေါက်ဈေး၏ (၂၅)ရာခိုင်နှုန်းကို သစ်တောခွန်အခွန်တော်အဖြစ် ပေးဆောင်ရမည်ဆိုသော ညွှန်ကြားချက်ကို လက်ရှိအခြေအနေနှင့်လျော်ညီအောင် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အား Power Point တင်ပြခွင့်ပြုပါခင်ဗျား။ Power Point မှာ တင်ပြတဲ့အတိုင်းပါပဲ။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ (စ)မှာ သစ်တောထွက်ပစ္စည်းနဲ့ အသေးစားသစ်တောထွက်ပစ္စည်း အဓိပ္ပာယ်ဖော်ပြချက်ရယ် ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)မှာ အသေးစား သစ်တောထွက်ပစ္စည်း အမျိုးအမည် သတ်မှတ်ချက်များကိုလည်း Power Point မှာ တင်ပြထားပါတယ်။ ခုန ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့အတိုင်းပါပဲ။ ခုန ကျွန်တော်တို့ သစ်တောထွက်ပစ္စည်းနှင့် ပတ်သက်ပြီးတော့ သနပ်ခါးဟာဖြင့် ဒီအမှတ်စဉ် (၄၈)မှာပါတဲ့ သစ်တောအခွန်တော်နှုန်းထားကို ကောက်ခံပြီး ဆောင်ရွက်လျက်ရှိပါတယ်။

သို့သော်လည်းပဲ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ သစ်တောဦးစီးဌာနရဲ့ ၂၅-၉-၂၀၁၇ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၃၁/၂၀၁၇)ဖြင့် သစ်တောနယ်မြေပြင်ပ(ပုဂ္ဂလိကပိုင်မြေနှင့် ကိုယ်ပိုင်ဥယျာဉ်ခြံမြေများ)တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့် သနပ်ခါး၊ ဖာလာ၊ ဝဥ စသည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအား သစ်တောဦးစီးဌာန၌ မှတ်ပုံတင်ခြင်းနှင့် ကူးသန်းရောင်းဝယ်ခြင်းအလို့ငှာ သယ်ယူပို့ဆောင်ခြင်းအတွက် မျှောစာနှင့် ထောက်ခံချက်ရယူခြင်းတို့အား ကင်းလွတ်ခွင့်ပြုကြောင်းနှင့် သစ်တောအခွန် ကောက်ခံခြင်းတို့အပေါ် ကင်းလွတ်ခွင့်ပြုခြင်းကိုမူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၄၊ ဇယား(၅) ၁၂(ခ)အရ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှုအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါကြောင်းကို ထုတ်ပြန်ကြေညာပြီး ဖြစ်ပါကြောင်းကို ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ကျွန်တော် ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားသွားပါမယ်။ ကချင်ပြည်နယ်၊ အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း ရဲ့ မေးမြန်းထားတဲ့ အမှတ်စဉ်(၁)မှာတော့ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ကျောက်စခန်းကျေးရွာ အထက်ပိုင်း၊ လူနေအိမ်ခြေများ၊ မူလတန်းကျောင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး စသည့် ကျေးရွာလူထုနေထိုင်ရာမြေနေရာများကို သစ်တောနယ်မြေမှ စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အမှတ်စဉ်(၂)မှာတော့

မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့၊ မံပိန်ကျေးရွာမှာရှိတဲ့ လူနေအိမ်ခြေများနဲ့ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်း(လျာထား)နေရာတို့အား သစ်တောနယ်မြေအဖြစ်မှ စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ပတ်သက်ပြီး ကျွန်တော် ကချင်ပြည်နယ်အစိုးရအဖွဲ့နဲ့ပူးပေါင်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော့်အား Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ အခန်း (၃)အရ ဥပဒေ အခန်း(၃)၊ ပုဒ်မ(၇)၊ ပုဒ်မခွဲ(က)(ခ)အရ ကျွန်တော် Power Point မှာ တင်ပြထားပါတယ်။ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေများအတွင်း နိုင်ငံတော်စီမံကိန်း လုပ်ငန်းများ၊ နိုင်ငံတော်လုံခြုံရေးလိုအပ်ချက်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ မြို့ပြ ကျေးရွာဖွဲ့စည်းမှုများ၊ မြို့ပြဖွဲ့စည်းမှု တည်ဆောက်ရေးလုပ်ငန်းများနှင့် သာသနာ့မြေများ သတ်မှတ်ရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သစ်တောမြေအဖြစ်မှ ပြင်ဆင်ပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းများကို ဆောင်ရွက်ပေးရပါတယ်။

ဒါ့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ယခု ၁၆-၅-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၂၀၅/၂၃၈-သစ်တော ၃-၁/အဖရ(၂၀၁၆)မှာတော့ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ သစ်တောမြေများအပါအဝင် မြေအမျိုးအစားအလိုက် မြေအသုံးချမှုနှင့် ပတ်သက်၍ တင်ပြခွင့်ပြုချက်ရယူပြီး ခွင့်ပြုချက်ရရှိမှသာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သွားရန်ဟု အကြောင်းကြားခြင်း ရှိပါတယ်ခင်ဗျား။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၃ ခုနှစ်ကစပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ကျွန်တော်တို့ ဒီကြိုးဝိုင်းထဲမှာ ကျူးကျော်နေထိုင်တဲ့သူများကို စာရင်းကောက်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ပယ်ဖျက်ပေးဖို့လည်း အဆင့်(၄)ဆင့်နဲ့ ပယ်ဖျက်ပေးလျက်ရှိပါတယ်။ Power Point မှာ တင်ပြထားတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ ပြည်ထဲရေးအမည်ပေါက်၊ အမည်မပေါက် အိမ်ခြေ(၅၀)နှင့်အထက် (က)နှင့်(ခ)မှာတော့ ရွာမြေ၊ လယ်မြေ၊ သာသနာ့မြေ၊ အများပိုင်မြေများကို ပယ်ဖျက်ပေးပါတယ်။ (ဂ)မှာကတော့ ပြည်ထဲရေးအမည် ပေါက်ပင်ပေါက်ငြားသော်လည်းပဲ အိမ်ခြေ(၅၀)အောက်၊ အမည်မပေါက်သော်လည်းပဲ အခိုင်အမာ တည်ဆောက်ပြီးလို့ ရှိရင်တော့လည်းပဲ အဲဒီကျေးရွာများကိုလည်းပဲ အစောကလိုပဲ အထက်က (က)(ခ)လိုပဲ ကျွန်တော် သစ်တောမြေအဖြစ်က ပယ်ဖျက်ပေးပါတယ်။ (ဃ)ကတော့ အိမ်ခြေ (၅၀)အောက် ပြန့်ကျဲနေထိုင်တဲ့ အိမ်ခြေများနှင့် ပြင်ပမှာနေထိုင်ပြီး ကြိုးဝိုင်းအတွင်းကို ကျူးကျော်ဝင်ရောက်လုပ်ကိုင်သူများအတွက် အချိန်ယူစိစစ်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ပူးပေါင်းပါဝင်မှုနှင့် ဆက်လက်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီမှာတင်ပြထားတဲ့အတိုင်းပါပဲ။ ဒီ(က)(ခ)(ဂ)ကတော့ ကျွန်တော်တို့ ဆောင်ရွက်ပြီးပါပြီ။ (ဃ)နဲ့ပတ်သက်ပြီးတော့က ကျွန်တော်တို့ ဒါ ဆောင်ရွက်လျက်၊ ဆောင်ရွက်ရန်အတွက် ကျွန်တော်တို့ စီစဉ်နေဆဲဖြစ်ပါတယ်။ ဒီမှာ ကျွန်တော့်အနေနဲ့ Power Point မှာ ဆက်လက်တင်ပြချင်တာက ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်မှာရှိတဲ့ ဒီ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ အခြေအနေဖြစ်ပါတယ်။ Power Point မှာ တင်ပြတဲ့အတိုင်း ဖြစ်ပါတယ်။

အဲဒီတော့ ဒီမှာ မေးခွန်း အမှတ်စဉ်(၁)နှင့်ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုလို့ရှိရင် ၂၀၁၃ ခုနှစ်အတွင်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း နှစ်ကာလရှည်စွာ ကျူးကျော်ဝင်ရောက်ပြီး အခြေချနေထိုင်မှုများကို ကျွန်တော်တို့ ပူးပေါင်းအဖွဲ့နဲ့စစ်ဆေးပါတယ်။ အဲဒီတုန်းက မိုးမောက်မြို့နယ်၊ မိုးမောက်ကြိုးဝိုင်းအတွင်းမှာရှိတဲ့ ကျောက်စခန်းကျေးရွာဟာ ခုနက ကိုယ်စားလှယ်ကြီး တင်ပြသလိုပါပဲ။ နယ်မြေဒေသလုံခြုံမှုအခြေအနေအရ ဝင်ရောက်စာရင်းကောက်ယူနိုင်ခြင်း မရှိခဲ့ပါဘူး။ ကြိုးဝိုင်းကျူးကျော်စာရင်း ကောက်ယူမှု မပြုနိုင်ဘဲနဲ့ ကျောက်စခန်းကျေးရွာကို ကြိုးဝိုင်းဧရိယာအတွင်းမှ ပယ်ဖျက်ပေးနိုင်ခြင်း မရှိကြောင်းကို စိစစ်တွေ့ရှိရပါတယ်။

ဒါပေမယ့်လည်းပဲ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌတို့ရဲ့ ၁၉-၆-၂၀၁၇ ရက်နေ့ကနေပြီးတော့ ၂၂-၆-၂၀၁၇ ရက်နေ့အထိ ဗန်းမော်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်စစ်ဆေးတဲ့ ခရီးစဉ်အတွင်းမှာ ပြည်သူများရဲ့ တင်ပြချက်အပေါ်မှာ ဝန်ကြီးချုပ်ရဲ့လမ်းညွှန်မှာကြားချက်အရ ကျောက်စခန်းကျေးရွာမှာ ပြည်ထဲရေးအမည်ပေါက်ကျေးရွာဖြစ်ခြင်း၊ ၂၀၁၃ ခုနှစ်မှာကတော့ ကြိုးဝိုင်းကျူးကျော်စာရင်း ကောက်ယူရာမှာ နယ်မြေအခြေအနေအရ စာရင်းကောက်ယူမှုမရှိခဲ့ခြင်းများကြောင့် ကချင်ပြည်နယ်၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးရဲ့ ၁၂-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆၇၃၂-၃၃/စ(င)၄နှင့် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ကို မိုးမောက်ကြိုးဝိုင်းအတွင်း ကျူးကျော်တဲ့ ကျောက်စခန်းကျေးရွာကို ကွင်းဆင်းတိုင်းတာစာရင်းကောက်ယူခွင့်ပြုရေးကို တင်ပြတဲ့အပေါ်မှာ ဦးစီးရုံးချုပ်ကနေပြီးတော့ ၁၄-၇-၂၀၁၇ ရက်နေ့စာနှင့် ကျောက်စခန်းကျေးရွာ မြေနေရာပယ်ဖျက်ရေးနှင့် မိုးမောက်မြို့နယ်အတွင်းရှိ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း ကျူးကျော်နေထိုင်တဲ့စာရင်းများကို ကွင်းဆင်းတိုင်းတာ စာရင်းကောက်ယူခွင့်အတွက် ကချင်ပြည်နယ်အစိုးရကနေပြီးတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ညှိနှိုင်းတင်ပြရန် အကြောင်းကြားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ကျွန်တော်အစီအစဉ်မေးခွန်း(၁)အပေါ်မှာ ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် မူလတန်းကျောင်းမြေနေရာအတွက်လိုအပ်ပါက မြေအသုံးချလိုတဲ့ ပညာရေးဝန်ကြီးဌာနက စိစစ်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ထံ လျှောက်ထားရန် ဖြစ်ပါတယ်။ လူနေအိမ်ခြေတွေ၊ ရပ်ကွက်တွေ၊ ကျေးရွာရုံးတွေ၊ ဆေးရုံအစရှိတဲ့ဟာတွေကိုတော့ ကချင်ပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြရန်ဖြစ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ ကျွန်တော်တို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ညွှန်ကြားလာမယ်ဆိုလို့ရှိရင် ကွင်းဆင်းပြီးတော့ အမှန်တကယ်လိုအပ်ချက်အပေါ် မူတည်ပြီးတော့ ပြည်ထောင်စုအစိုးရကို ပြန်လည်တင်ပြမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ကျွန်တော် မေးခွန်း(၂)နှင့် ပတ်သက်ပြီးတော့ ဆက်လက်ဖြေကြားသွားပါမယ်ခင်ဗျား။ မေးခွန်း(၂)မှာတော့ ကျွန်တော် တင်ပြတဲ့အတိုင်းပါပဲ။ ဗန်းမော်မြို့နယ်တွင် ပါဝင်တဲ့ သဖန်းပင်ကျေးရွာအပါအဝင် ရွာ(၄)ရွာကို ကျွန်တော်တို့ ဆိုင်ရာဆိုင်ခွင့် (၂၆၀.၅)ဧက၊ ကျွန်တော်တို့ မိုးမောက်မြို့နယ်၊ မံပိန် အပါအဝင် ကျေးရွာ(၄)ရွာကိုတော့ ဆိုင်ရာဆိုင်ခွင့် (၆၅၇)ဧကကိုတော့ ကျွန်တော်တို့ ခွင့်ပြုထား

ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဒေါ့ဖုန်းယန်မြို့ မံပိန်ကျေးရွာဟာ မောက်မယ်မြို့နယ်၊ သစ်တောဦးစီးဌာန၊ တိန်းသော်ကြိုးဝိုင်းအတွင်းမှာ တည်ရှိသော်လည်းပဲ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို ခွင့်ပြုထားတဲ့ ကျေးရွာစာရင်းထဲမှာ ပါဝင်ခြင်းမရှိကြောင်းကို တွေ့ရပါတယ်။ နံပါတ်(၁)အနေနဲ့။

၂၀၁၃ ခုနှစ်အတွင်းမှာလည်းပဲ တစ်နိုင်ငံလုံးစာရင်းကောက်ယူတဲ့နေရာမှာလည်းပဲ အဲဒီစာရင်းကောက်ယူတုန်းကလည်းပဲ လုံခြုံရေးအခြေအနေအရ စာရင်းကောက်ယူမှု မရှိနိုင်ခဲ့ပါဘူး။ နောက်တစ်ချက်ကတော့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့၏စာရင်းအရ တိန်းသော်ကြိုးပြင် ကာကွယ်တောအတွင်း ခေါက်ဆင့်ကျေးရွာနှင့် ခါ့အူကျေးရွာတို့သာ တရားမဝင်ကျူးကျော်တည်ရှိကြောင်း မှတ်တမ်းများ၌ တွေ့ရှိရပြီးတော့ ခုနမေးမြန်းထားတဲ့ မံပိန်ကျေးရွာကတော့ မပါရှိကြောင်းကို စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်ကြီး မေးထားတဲ့မေးခွန်း အမှတ်စဉ်(၂)အရနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ဖြေကြားရမယ်ဆိုလို့ရှိရင်ဖြင့် မိုးမောက်မြို့နယ်အတွင်းမှာရှိတဲ့ တိန်းသော်ကြိုးပြင်ကာကွယ်တောအတွင်း တည်ရှိတယ်ဆိုတဲ့ မံပိန်ကျေးရွာရှိ လူနေအိမ်များနှင့် ကိုယ်ထူကိုယ်ထမူလတန်းကျောင်း (လျာထား)တဲ့နေရာတွေမှာ ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းသတ်မှတ်စဉ်က ကြိုးဝိုင်းအတွင်း သတ်မှတ်ချက်နှင့်အညီ မြေအသုံးချခွင့် (ဆိုင်ရာဆိုင်ခွင့်)အဖြစ် ခွင့်ပြုထားခဲ့ခြင်းမရှိခြင်း၊ သစ်တောနယ်မြေကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ခွင့်ပြုပြီးမှ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်းတို့ကြောင့် သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ရန် အစီအစဉ် မရှိပါကြောင်း ဖြစ်ပါတယ်။

သို့သော်လည်းပဲ ကြိုးဝိုင်းအတွင်း မြေအသုံးချမယ်ဆိုရင်ကတော့ ခုန ကျွန်တော် မေးခွန်း (၁)မှာ ဖြေကြားသလိုပါပဲ ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပညာရေး၊ ပြည်ထဲရေး အစရှိတဲ့ ဌာနများမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြလျှောက်ထားရန် ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၁၆)ခုတင်ဆံ့ ချင်းရွှေဟော် ပြည်သူ့ဆေးရုံကြီးကို (၂၅)ခုတင်ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၁၆)ခုတင်ဆံ့ ချင်းရွှေဟော်ပြည်သူ့ဆေးရုံကြီးကို (၂၅)ခုတင်ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရဲ့ အဓိက မှီခိုအားထားပြုကြရတဲ့ ချင်းရွှေဟော်ဆေးရုံကြီးနှင့် စပ်လျဉ်းသည့် မေးခွန်းကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဦးစွာ ကျွန်တော်တို့၏ဒေသအတွင်းရှိ လောက်ကိုင်နှင့် ချင်းရွှေဟော် ဆေးရုံအတွင်းရှိ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးပါသော နိုင်ငံတော်အစိုးရအား ကျေးဇူး အထူးတင်ရှိပါကြောင်း ဒေသခံပြည်သူများ၏ကိုယ်စား ပြောလိုပါတယ်။ ဒီဆေးရုံဟာ အမှန်တကယ်လည်း ကျွန်တော်တို့ လိုအပ်တဲ့အတွက်ကြောင့် ကျွန်တော် ထပ်ဆင့်ပြီးမှ မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ချင်းရွှေဟော်မြို့နယ်သည် နယ်စပ်ဝင်ထွက်ပေါက်ဂိတ်တစ်ခု တည်ရှိပြီး လောက်ကိုင်နယ်စပ် ထွက်ပေါက်နှင့်လည်း ထပ်မံဆက်သွယ်ထားတဲ့ လမ်းဆုံမြို့တစ်မြို့ ဖြစ်ပါတယ်။ နယ်စပ်ကုန်စည် ကူးသန်းဆက်ဆံရာ နယ်စပ်မြို့တစ်မြို့ ဖြစ်သည်နှင့်အညီ မြို့ခံလူထုနှင့် ရပ်ဝေးမှ လာသော အလုပ်အကိုင် လုပ်ကိုင်ကြတဲ့ဧည့်သည်များဖြင့် လူစည်ကားရာ ဒေသတစ်ခုဖြစ်ပါတယ်။ ချင်းရွှေဟော်မြို့တွင် (၁၆)ခုတင်ဆေးရုံ တည်ရှိပြီး ၁၉၉၀ ပြည့်နှစ်တွင် စတင်တည်ဆောက်၍ ၁၉၉၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့တဲ့ဆေးရုံ ဖြစ်ပါတယ်။

ဤဆေးရုံသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ အမှတ်တရ ဆေးရုံကြီးဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရနှင့် ပထမဆုံးငြိမ်းချမ်းရေး ရယူခဲ့တဲ့ အထိမ်းအမှတ်ဖြစ်ပါတယ်။ ယခုအခါ သက်တမ်းအားဖြင့် (၂၅)နှစ်တိုင်ရှိပြီ ဖြစ်ပါတယ်။ အဆောက်အအုံများ ပြုပြင်မွမ်းမံရန် များစွာလိုအပ်နေပါတယ်။ ဆေးရုံတက်နှုန်း နှုန်းထားမှာ သာမန်အနေအထားရှိသော်လည်း ရံဖန်ရံခါ ထူးခြားဖြစ်စဉ်များ ရှိတဲ့အတွက်ကြောင့် ရာသီအလိုက်ဖြစ်ပွားတတ်တဲ့ ရောဂါများကြောင့် ဒေသရဲ့ အဓိကအားကိုးထားရတဲ့ ဆေးရုံကြီး ဖြစ်ပါတယ်။ နယ်စပ်ကုန်စည်ဒိုင်များ တရားဝင်ဖွင့်လှစ်ပြီးပါက ပိုမို စည်ကားလာမည့်ဒေသတစ်ခုဖြစ်ပြီး ရပ်ဝေးဧည့်သည်များအတွက်ပါ အထောက်အကူပြုနိုင်မည့် ဆေးရုံကြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ချင်းရွှေဟော်ဆေးရုံကြီးအား အဆင့်မြှင့်တင်ပေးနိုင်ရန် အောက်ပါမေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၁၆)ခုတင်ဆံ့ ချင်းရွှေဟော် ဆေးရုံကြီးအား(၂၅)ခုတင်ဆံ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ပေးမည့် အစီအစဉ်ကို သိလိုပါတယ်။ မြေနေရာ အခက်အခဲရှိပါက RC(၂)ထပ် ဆောက်လုပ်ပေးမည့် အစီအစဉ်ကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်တွင် စံချိန်မီ မိုးလုံလေလုံ မြို့နယ်အားကစားရုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ)အသုံးစရိတ်တွင် ထည့်သွင်းပေးရန်နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံတော် ကိုယ်စားပြုခဲ့သည့် ချင်းပြည်နယ်မှ အားကစားသမား(၃)ဦးတို့အား ၎င်းတို့နှင့်ထိုက်တန်သည့် အလုပ်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်တွင် စံချိန်မီ မိုးလုံလေလုံ မြို့နယ်အားကစားရုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ)အသုံးစရိတ်တွင် ထည့်သွင်းပေးရန်နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံတော် ကိုယ်စားပြုခဲ့သည့် ချင်းပြည်နယ်မှ အားကစားသမား(၃)ဦးတို့အား ၎င်းတို့နှင့် ထိုက်တန်သည့် အလုပ်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ အပါအဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘွဲခိန်းဖြစ်ပါတယ်။ ထန်တလန်မြို့ ရပ်မိရပ်ဖနှင့်တကွ မြို့သူမြို့သားများ တောင်းဆိုချက်အရ ထန်တလန်မြို့တွင် အဆင့်မီ မိုးလုံလေလုံ အားကစားရုံအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(မူလ) အသုံးစရိတ် ရန်ပုံငွေတွင် ထည့်သွင်းပေးပါရန်နှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံတော် ကိုယ်စားပြု အားကစားသမား(၃)ဦးတို့အား ၎င်းတို့နှင့်ထိုက်တန်တဲ့ အလုပ်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်တော် မေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ထန်တလန်မြို့နယ်တွင် ရပ်ကွက်(၃)ခု၊ ကျေးရွာအုပ်စု(၃၇)ခု၊ ကျေးရွာပေါင်း(၉၁)ခု၊ လူဦးရေပေါင်း(၅၂၀၀၀)ရှိသော နယ်စပ်မြို့တစ်မြို့ဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရရဲ့ လမ်းညွှန်ချက်အရ မြို့ပြစီမံကိန်းကို ရေးဆွဲလျက်ရှိရာ ထန်တလန်မြို့ အမှတ်(၃)ရပ်ကွက်၊ အ.ထ.က(၂)အနီးတွင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်နိုင်ရန် မြေနေရာ (၃.၁၅)ဧက အကျယ်၊ မြေနေရာ၊ လျာထားသတ်မှတ်ပြီး ဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေး ဒုတိယအကြိမ်နှင့် တတိယအကြိမ် ပုံမှန်အစည်းအဝေးမှာ ချင်းပြည်နယ်၊

အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း မှ ထန်တလန်မြို့တွင် မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်ပေးရန် တင်ပြခဲ့သော်လည်း ခွင့်ပြုရန်ပုံငွေ ချမှတ်ပေးနိုင်ခြင်း မရှိခဲ့ပါ။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မိုးလုံလေလုံအားကစားရုံ တောင်းဆိုခဲ့သော်လည်း မိုးလုံလေလုံအားကစားရုံအစား မြို့နယ်အားကစားရုံးကိုသာ ရန်ပုံငွေချမှတ် ဆောက်လုပ်ပေးခဲ့ပါတယ်။ ဒီအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအပေါ် များစွာပဲ ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါတယ်။ ပြည်သူလူထုနှင့် ရပ်မိရပ်ဖများ အထူးတောင်းဆိုလိုတာကတော့ မိုးလုံလေလုံ အားကစားရုံ ဆောက်လုပ်ပေးဖို့ ဖြစ်ပါတယ်။ ထန်တလန်မြို့နယ်တွင် အားကစားရုံ မရှိလင့်ကစား လူငယ်များ အားကစားကဏ္ဍတွင် စိတ်ဝင်စားမှုနဲ့ ကြိုးစားမှုကြောင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးတဲ့ လူငယ်(၃)ဦး ပေါ်ထွက်ခဲ့ပါတယ်။ တစ်ဦးက အာရှအားကစား အရှေ့တောင်အာရှ လူငယ်ပြိုင်ပွဲတွင် လုံတံပစ်မှာ ဒုတိယ၊ တစ်ဦးက သံလုံးပစ်မှာ ဒုတိယ၊ တစ်ဦးက ကမ္ဘာ့နပန်းလုံးပွဲ မြန်မာနိုင်ငံမှာ ကျင်းပတဲ့ (၆၅)ကီလိုတန်းတွင် တတိယဆု ရရှိခဲ့ကြပါတယ်။ အထက်ဖော်ပြပါ အားကစားသမား(၃)ဦးတို့ဟာ နိုင်ငံအတွက် အလုပ်အကျွေးပြုရန် လိုအပ်သလို၊ ၎င်းတို့ရဲ့နောင်ရေးအတွက် ၎င်းတို့နဲ့ထိုက်တန်တဲ့ အလုပ်တစ်ခုခု ခန့်ထားပေးရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်အတွင်းရှိ လူငယ်များ ကာယစွမ်းအား မြင့်မားပြီး အားကစားစွမ်းရည်ရရှိဖို့အတွက် မိုးလုံလေလုံအားကစားရုံဟာ မရှိမဖြစ် အထူးလိုအပ်လှပါတယ်။ ထန်တလန်မြို့ဟာ နယ်စွန်နယ်ဖျားမြို့ဖြစ်ပြီး လုပ်သားပြည်သူများ အပန်းဖြေရန် ရုပ်ရှင်ရုံမရှိ၊ ဇာတ်ရုံလည်းမရှိ၊ ပန်းခြံလည်းမရှိ အားကစားရုံလည်းမရှိတဲ့အတွက် မြို့နယ်လူထုရဲ့ လူထုနဲ့ ကျောင်းသူကျောင်းသားများ၏ ကာယပိုင်း၊ စိတ်ဓာတ်ပိုင်းနှင့် အားကစားစွမ်းရည် မြင့်မားတိုးတက်ရေးအတွက် Sport for all ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ ပြည်သူလူထု တောင်းဆိုရတဲ့ မိုးလုံလေလုံအားကစားရုံအား မရှိမဖြစ် အထူးလိုအပ်လှတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(မူလ)အသုံးစရိတ်တွင် ရန်ပုံငွေ ခွဲဝေချမှတ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာ တိုက်နယ်ဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး က ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာ တိုက်နယ်ဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များကို အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းချင်တာကတော့ ချောင်းသာတိုက်နယ်ဆေးရုံကို အဆင့်တိုးမြှင့်ဖို့ကိစ္စ ဖြစ်ပါတယ်။ ချောင်းသာတိုက်နယ်ဆေးရုံဟာဆိုလို့ရှိရင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်တွင် ၁၉၈၁ ခုနှစ်က ကျေးရွာကနေ တည်ဆောက်ပေးတဲ့ (၁၆)ခုတင်ဆံ့ ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့တဲ့ ဆေးရုံတစ်ရုံလည်း ဖြစ်ပါတယ်။

အဆိုပါ ချောင်းသာတိုက်နယ်ဆေးရုံဟာဆိုလို့ရှိရင် ကျွန်တော်တို့ ကျဉ်းမြောင်းတယ်။ လေဝင်လေထွက် မကောင်းဘူး။ အလင်းရောင် လုံလောက်စွာမရရှိဘူး။ ခွဲစိတ်ခန်း၊ မွေးခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ ကျား/မ လူနာဆောင်တို့ဟာလည်း သီးသန့်ထားဖို့ရာ တော်တော်ကျဉ်းကျဉ်း မြောင်းမြောင်းနဲ့ တည်ရှိနေပါတယ်။ အဆောက်အအုံဟာလည်း (၃၆)နှစ်လောက်ကြာလာပြီ ဖြစ်တဲ့အတွက်ကြောင့် အဆောက်အအုံမှာလည်း ခိုင်ခံ့မှုမရှိတာတွေ မိုးယိုတာတွေလည်း ရှိနေပါတယ်။ ခွဲစိတ်ခန်းနှင့် ဆေးရုံအဝင်အဝမှာ အလွန်နီးကပ်တဲ့အတွက်ကြောင့် ခုနကလို ဇုန်တွေထားပြီး သတ်မှတ်ပြီးတော့ စနစ်တကျထားဖို့လည်း အခက်အခဲဖြစ်နေပါတယ်။ အိမ်သာနှင့် လူနာဆောင်တွေဟာလည်း နီးကပ်တဲ့အတွက်ကြောင့် အနံ့အသက်မကောင်းဘူး။ မိုးရာသီကာလတွေမှာလည်း အညစ်အကြေး ယိုစိမ့်မှုတွေ၊ လျှံထွက်မှုတွေ ဖြစ်ပြီးတော့ ထိန်းသိမ်းပြီးတော့ ပြုပြင်ရတဲ့ အခက်အခဲတွေ ဆောင်ရွက်ရတဲ့ အခက်အခဲတွေမှာ ကြုံတွေ့မှုတွေ ရှိနေပါတယ်။

နောက်တစ်ခုက ကျား/မ လူနာဆောင်(၂)ခုဟာ ကျဉ်းမြောင်းပြီး ခုတင်တွေဟာလည်း တစ်ခုနှင့်တစ်ခု အလွန်နီးကပ်တယ်။ ဆေးရုံတက်တဲ့အခါမှာ ဆေးရုံလူနာတွေများတဲ့အခါမှာ ကြားလူနာတွေ သွင်းပြီးတော့ ဆောင်ရွက်နေရတဲ့ အခါတွေလည်းရှိပါတယ်။ နောက်တစ်ခုက လူနာနဲ့ လူနာစောင့်တွေအတွက် ရေသုံးစွဲမှုအတွက် ရေချိုးခန်း သီးသန့်မရှိဘူး။ ကျွန်တော်ကိုယ်တိုင်လည်း ဆင်းပြီးတော့ ကြည့်တဲ့အခါမှာ တွေ့ခဲ့ပါတယ်။ ဆေးရုံအပြင်မှာရှိတဲ့ ရေကန်မှာပဲ အမျိုးသား/ အမျိုးသမီးတွေက လူမြင်ကွင်းမှာ ရေတွေ အသုံးပြုတဲ့အတွက်ကြောင့် တော်တော်မသင့်လျော်ပါဘူး။ ဒီကိစ္စတွေဟာ။ နောက်တစ်ခုက ကျွန်တော်တို့ တကယ်တမ်း ရာသီနဲ့ဖြစ်တဲ့ ရောဂါတို့၊ နောက်တစ်ခုက TB ရောဂါတို့ ဝမ်းပျက်ဝမ်းလျော လူနာတွေအတွက် သီးသန့်ထားဖို့နေရာ မရှိဘူး။ မရှိတဲ့အတွက်ကြောင့် အခြားတက်နေတဲ့ ဆေးရုံလူနာတွေ၊ ခွဲလူနာတွေ၊ မွေးလူနာတွေ ရောပြီးတော့ ထားနေရတဲ့ဟာတွေ ရှိတဲ့အတွက်ကြောင့် အန္တရာယ်လည်း အလွန်များပါတယ်။ နောက်တစ်ခု ကျန်းမာရေးဝန်ကြီးဌာနက နှစ်အလိုက်ချပေးတဲ့ ဆေးရုံသုံးပစ္စည်းတွေ၊ ဥပမာ အောက်ဆီဂျင်အိုးတို့ ဘာတို့ကိုလည်း သီးသန့်ထိန်းသိမ်းဖို့ နေရာအခက်အခဲ ရှိနေပါတယ်။ ကျွန်တော်ကိုယ်တိုင် သွားရောက်ကြည့်ရှုတဲ့အခါမှာ ဆေးရုံက အရင်ကတည်းက ဆောက်ထားတဲ့ ဆေးရုံဖြစ်တဲ့အတွက်ကြောင့် ဆေးရုံပုံစံမကျတဲ့ သဘောမျိုးလည်း ရှိပါတယ်။ ကျဉ်းလည်း ကျဉ်းနေပါတယ်။

နောက်တစ်ခု ချောင်းသာဟိုတယ်ဇုန်ဆိုလို့ရှိရင် ချောင်းသာဟိုတယ်က ချောင်းသာကမ်းခြေဒေသဆိုတာက ပြည်တွင်းပြည်ပ ခရီးသွားများအပြင် ပွင့်လင်းရာသီရောက်လာတဲ့အခါမှာ ဒီချောင်းသာကိုလာပြီးတော့ စီးပွားရှာတဲ့ မြန်မာနိုင်ငံထဲက တခြားဒေသက လူတွေလည်း များစွာနေတဲ့နေရာလည်း လူဦးရေလည်းများတဲ့ အနေအထားတွေလည်း ရှိနေပါတယ်။ နောက်တစ်ခု ချောင်းသာဟိုတယ်ဇုန်မှာ လာရောက်ပြီးတော့ အပန်းဖြေတဲ့ ပြည်တွင်းပြည်ပ ခရီးသွားတွေ၊ နိုင်ငံခြားသားခရီးသွားတွေကို ကျွန်တော်တို့ ကျန်းမာရေးအပြည့်အဝပေးဖို့ လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ချောင်းသာဟိုတယ်ဇုန်ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လက်ရှိအနေအထားမှာလည်း လူသွားများနေတဲ့၊ လူသိများနေတဲ့ကမ်းခြေ ဖြစ်တယ်။ မြန်မာနိုင်ငံသားတွေအပြင် နိုင်ငံခြားသားတွေလည်း အများကြီး ခဏခဏ လာနေတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီကနေပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှု မပေးနိုင်ဘူး။ တစ်စုံတစ်ရာဖြစ်ရင် ကျွန်တော်တို့ တိုင်းပြည်ရဲ့ ပြယုဂ်တစ်ခုလည်း နစ်နာထိခိုက်သွားမယ့် အနေအထားမျိုးလည်း ရှိနေပါတယ်။

အဲဒီမှာ တင်ပြတာက ၂၀၁၆ ခုနှစ် ဆေးရုံတက်တဲ့ စာရင်းပေါ့။ အနှစ်ချုပ်လေးကို တင်ပြချင်ပါတယ်။ ၂၀၁၆ ခုနှစ် တစ်နှစ်လုံးမှာ ဆေးရုံတက်တဲ့ လူနာက (၁၇၄၉)ဦး ရှိပါတယ်။ အဲဒီမှာ ပြင်ပလူနာက (၆၆၅၇)ဦး ရှိတယ်။ အရှင်မွေးလူနာက (၂၇၃)ဦး၊ ကိုယ်ဝန်ပျက်တဲ့ လူနာက (၆၆)ဦး၊ ရဲမှုခင်းလူနာ(၄၀၆)ဦး ရှိပါတယ်။ အဲဒီတော့ စုစုပေါင်းလူနာဦးရေက (၉၁၅၁)ဦး ရှိနေပါတယ်။ အဲဒီအတွက်ကြောင့် ဆေးရုံတက်တဲ့ လူနာကလည်း များလာတယ်။ တစ်နှစ်ထက်တစ်နှစ်။ နောက်တစ်ခုက ဆေးရုံဟာ ကျေးရွာက တည်ဆောက်ပေးတဲ့အတွက်ကြောင့် ကျဉ်းမြောင်းပြီး နှစ်(၃၀)ကျော် ကြာလာတဲ့အတွက် အဆောက်အအုံဟာလည်း ခိုင်ခံ့မှု မရှိတော့ဘူး။ ဒါ့အပြင် ချောင်းသာဆိုတာက ယခင်က ကျေးရွာအဆင့်ပဲရှိပေမယ့် အခုအခါမှာ လူနေထူထပ်လာတဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့လည်း မြို့အဆင့်တိုးမြှင့် သတ်မှတ်ပေးတဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ နောက်ထပ် တိုးတက်လာဖို့ပဲရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာတိုက်နယ် ဆေးရုံအား (၂၅)ခုတင်ဆံ့ ဆေးရုံကြီးအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမယ့်အကြောင်းကို ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်

ပြည့်စုံစေကြောင်း ပထမ ဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ပထမဦးဆုံး ရှမ်းပြည်နယ် အမှတ်(၁၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်နီနိုင် ရဲ့ မေးခွန်းဖြစ်တဲ့ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ (၁၆)ခုတင်ဆံ့ ချင်းရွှေဟော်ပြည်သူ့ဆေးရုံကြီးကို အဆင့်မြှင့်တင်ပေးရန်ကိစ္စနှင့် ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ရှမ်းပြည်နယ်၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ချင်းရွှေဟော်(၁၆)ခုတင်ဆံ့ ဆေးရုံအား (၂၅)ခုတင်ဆံ့အဖြစ် တိုးမြှင့်ဖို့အတွက် ကို ကျွန်တော်တို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဖွံ့ဖြိုးပုံစိစစ်ရေးအဖွဲ့ရဲ့ ၂၁-၇-၂၀၁၇ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ် (၃/၂၀၁၇)မှ သဘောတူညီပြီး ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၅-၈-၂၀၁၇ နေ့ရက်စွဲပါစာဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးသို့ တင်ပြခဲ့ပါတယ်။ ၂၈-၉-၂၀၁၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁၈/၂၀၁၇)မှ (၁၆)ခုတင်မှ (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့် တိုးမြှင့်ရန် ခွင့်ပြုပြီး ဖြစ်ပါသဖြင့် ဖွဲ့စည်းပုံခွင့်ပြုမိန့် ထုတ်ပြန်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက် လျက်ရှိပါတယ်။ ထို့ပြင် လိုက်လျောညီထွေဖြစ်သော အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ရေး အတွက် ကုသရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေ အဆိုတင်ပြ တောင်းခံ သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘွဲ့ခိန်း ၏ မေးခွန်းအား ဖြေကြားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် တွင် စံချိန်မီ မိုးလုံလေလုံ မြို့နယ်အားကစားရုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း (မူလ)အသုံးစရိတ်တွင် ထည့်သွင်းပေးရန်နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံတော်ကို ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သည့် ချင်းပြည်နယ်မှ အားကစားသမား(၃)ဦးအား ၎င်းတို့နှင့် ထိုက်တန်သည့် အလုပ်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့်ပတ်သက်၍ ဖြေမှာဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ စံချိန်မီ မိုးလုံလေလုံ အားကစားကွင်း တည်ဆောက်ပေး နိုင်မည့် မြေနေရာအား ၂၃-၈-၂၀၁၇ ရက်နေ့တွင် ချင်းပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အားကစားမှူးများ နှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိ မြို့ဖများ လိုက်ပါ၍ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ အားကစားရုံအသစ် တည်ဆောက်ရန် သတ်မှတ် ပေးထားသည့် မြေနေရာသည် မြို့နယ်ဘောလုံးကွင်းနှင့် (၁)မိုင်ခန့်ကွာဝေးပြီး မြို့ပတ်လမ်း အမှတ် (၃)ရပ်ကွက်ရှိ မြေဧရိယာ(၃.၆၄၅)ဧကရှိသော မြေနေရာဖြစ်ပါတယ်။

အဆိုပါမြေနေရာအား မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်သေခံ မြေစာရင်း၊ ပုံစံ(၁၀၅)၊ (၁၀၅)ပါ တည်နေရာ မြေအမျိုးအစား၊ ဂရန်လျှောက်ထားရန် တည်နေရာကို ညွှန်းသည့်ပုံစံ ဖြစ်ပါတယ်။ ထို့အပြင် ပုံစံ(၁၀၆)မှာ အစိုးရမြေလွတ်၊ မြေလပ် ဟုတ်/မဟုတ်၊

အစိုးရမှ ချထား ပေးနိုင်သော မြေ ဟုတ်/မဟုတ်၊ မြို့ပြဇရိယာအတွင်း ကျရောက်ခြင်း ရှိ/မရှိ၊ အစိုးရ အဆောက်အအုံနှင့် အခြားကိစ္စများ သုံးထားရန် လျာထားခြင်း၊ လျာထားသောမြေအတွင်း ကျရောက်ခြင်း ရှိ/မရှိ၊ မြေတန်ဖိုး၊ မြေငှားခ တွက်ချက်ပေးပြီးကိုလည်း ကျွန်တော်တို့ ရရှိခဲ့ပြီးဖြစ်၍ ထန်တလန်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြေအပိုင် အမည်ပေါက် ဂရန်ရရှိရန် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စံချိန်မီမိုးလုံလေလုံအားကစားရုံ အလျား(၁၂၀)ပေxအနံ(၉၀)ပေ တည်ဆောက်ခြင်း လုပ်ငန်းအတွက် ငွေကျပ်(၃၀၀)သန်းနှင့် မိုးလုံလေလုံ အားကစားရုံ ခြံစည်းရိုး ပေ(၁၂၀၀)x (၃၀၀၀)ပေ ကာရံခြင်းအတွက် ကျပ်(၃၆)သန်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းတင်ပြ တောင်းခံထားပြီး ဖြစ်ပါတယ်။ အဆိုပါ မြေနေရာအား ထန်တလန်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန အမည်ပေါက် ရရှိမည်ဆိုပါက ဘတ်ဂျက် ခွင့်ပြုငွေရရှိပါက ချက်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။

မေးခွန်း၏ဒုတိယအပိုင်းဖြစ်တဲ့ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သည့် ချင်းပြည်နယ်၊ ထန်တလန်မြို့မှ အားကစားသမား(၃)ဦးကို အလုပ်ခန့်ထားရေးကိစ္စနှင့် ပတ်သက်၍ (၁) လှံတံပစ် ဒုတိယရရှိသည့် ဦးလျန်ထန်ဗွီး ပြေးခုန်ပစ်အားကစား (နည်းပြ)ရာထူးဖြင့် အားကစားနှင့်ကာယပညာ သိပ္ပံ(မုံရွာ)တွင် ၁-၉-၂၀၁၇ ရက်စွဲပါ ရုံးအမိန့်စာ (၇၂၁/၂၀၁၇)ဖြင့် ခန့်ထားပြီး ဖြစ်ပါသည်။ ကျန်အားကစားသမား(၂)ဦးအား အားကစားနှင့်ကာယပညာ သိပ္ပံ(လှိုင်ကော်)နှင့် (မုံရွာ) ကျောင်းများတွင် လိုအပ်သည့်နည်းပြ၊ (နည်းစနစ်)ရာထူးများတွင် အလုပ်ခန့်ထားနိုင်ရေးအတွက် အရည်အချင်းစစ်အဖွဲ့ဖြင့် လူတွေ့စစ်ဆေးဆောင်ရွက်ထားပြီး သတ်မှတ်ချက် အရည်အချင်းများ နှင့် ကိုက်ညီမှုရှိသည့် မောင်လာလ်ဒန်မွှေး(ပြေးခုန်ပစ်)အား အလုပ်ခန့်ထားပေးရန် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

နောက်ထပ် အားကစားသမားတစ်ဦးဖြစ်တဲ့ မောင်လာလ်ထောင်းလျန်(နပန်း)နှင့်ပတ်သက်၍ မကြာမီက ဖွင့်လှစ်ပေးခဲ့တဲ့ အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်၊ မုံရွာ)ကျောင်းများတွင် အားကစား နည်း(၁၀)မျိုးတော့ ရှိပါသည်။ သို့သော် နပန်းအားကစားနည်းက မပါဝင်တဲ့အတွက် ယခု လောလောဆယ် တွင် ခန့်ထားနိုင်ခြင်းမရှိဘဲ နောက်ပိုင်းကျန်တဲ့ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း (၄)ကျောင်းတွင် နပန်းနှင့်ပတ်သက်၍ ဒီရာထူးလစ်လပ်သည်ဖြစ်စေ၊ မဟုတ်လို့ရှိရင် မူလရှိသူများအနက် ရာထူးထပ်တိုး ခြင်းဖြင့်လျှင်ဖြစ်စေ ကျွန်တော်တို့ နည်းပြ(နည်းစနစ်) ရာထူးများနေရာတွင် ခန့်အပ်ခွင့်ရရှိပါက ဦးစားပေးခန့်မည် ဖြစ်ကြောင်း ကျွန်တော် ဖြေကြားအပ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် တစ်ခု တင်ပြချင်တာကတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အားကစားထူးချွန်တဲ့ လူတွေကို အလုပ်ပေးပါတယ်။ အား/ကာမှာ မရရင် ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာနကတော့ အခွင့်အလမ်းများတဲ့အတွက် ကျွန်တော်တို့ ခန့်ပေး ပါတယ်။ ဒါတွေကို ကျွန်တော် လုပ်ပေးပါတယ်။ ကျွန်တော်တို့က မခန့်နိုင်လို့ရှိရင်လည်း အခြား ဝန်ကြီးဌာနကို ခန့်ပေးဖို့ ကျွန်တော်တို့ Request လုပ်ထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ

ထူးချွန်တဲ့ အားကစားသမားများအနေနှင့်ပတ်သက်လို့ ရှေ့ရေးကိုတော့ လုံခြုံစိတ်ချအောင် ကျွန်တော်တို့ လုပ်ပေးလျက်ရှိကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ ခင်ဗျား။ တတိယမေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမိုး ၏ ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားမှာဖြစ်ပါတယ်။ ဦးစိုးမိုးအနေနဲ့ ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာတိုက်နယ်ဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးရန်နှင့် ပတ်သက်၍ ကျွန်တော် ဖြေကြားမှာ ဖြစ်ပါတယ်။ သို့သော် ဒီနေရာမှာ တစ်ချက် တင်ပြချင်တာကတော့ ကျွန်တော်တို့ကို ပို့ထားတဲ့ မေးခွန်းမှာပါတဲ့အချက်တွေက အခုပြောတဲ့ အချက်တွေက မပါပါဘူးခင်ဗျား။ ကျွန်တော်တို့ မေးခွန်းမှာပါတဲ့အချက်ကို ကြည့်ပြီး ကျွန်တော် ဖြေရမယ်ဆိုလို့ရှိရင်တော့ ဒီဟာကို ကျွန်တော် (၂၅)ခုတင်ကို ပေးလို့မရပါဘူး။ ဆိုလိုတာက တစ်နေ့ပျမ်းမျှတက်တဲ့လူနာဟာ ၂၀၁၃ ခုနှစ် ကနေပြီးတော့ ၂၀၁၇ ခုနှစ် ဇွန်၊ ဇူလိုင်လထိ တစ်နေ့ကို ပျမ်းမျှ (၁၂)ဦးပဲ ရှိပါတယ်။ အတွင်းလူနာက။ ခုတင် အသုံးပြုမှုနှုန်းကလည်း ၂၀၁၃ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်မှာ Average က (၇၆.၆)ရာခိုင်နှုန်း ရှိပါတယ်။ အဲဒီတော့ ဒီဟာနဲ့ ပတ်သက်လို့ရှိရင်တော့ ကျွန်တော်တို့က (၁၅၀)ရာခိုင်နှုန်း ခုတင်အသုံးပြုမှု ရှိမှသာလျှင် ရမယ်ဖြစ်ပါတယ်။

သို့သော် ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အထဲမှာ လူနာစာရင်းဇယားတွေ ရှိ တယ်။ ဒီစာရင်းဇယားတွေဟာ ကျွန်တော်တို့မှာရှိတဲ့ စာရင်းဇယားတွေနဲ့ တူလား၊ မတူလား ဆိုတာကို ကျွန်တော်တို့ ပြန်လည်စိစစ်ဖို့ လိုပါတယ်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အချက်မှာ ဒီဟာကို (၁၆)ခုတင်ကနေ (၂၅)ခုတင်ကို ပေးနိုင်တဲ့သတ်မှတ်ချက် တော်တော်များများပါ ပါတယ်။ ဒီဥစ္စာတွေကတော့ ကျွန်တော့်မေးခွန်းမှာ မပါတဲ့အတွက် ကျွန်တော်က ဖြေလို့မရပါဘူး။ ထို့ကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့က တိုင်းဦးစီးမှူးကိုလည်း ကျွန်တော် လွှတ်ပါမယ်။ ဗဟိုက အင်ဂျင်နီယာများကိုလည်း လွှတ်ပါမယ်။ ဗဟိုမှ တာဝန်ရှိသူများကိုလည်း လွှတ်ပြီးတော့ ချောင်းသာကို ကျွန်တော်တို့ သွားကြည့်ခိုင်းမယ်။

ဘာဖြစ်လို့လဲဆိုတော့ ချောင်းသာသည် အရေးကြီးပါတယ်။ ဒီ Tourist တွေလည်း အများကြီး ဖြစ်တယ်။ နောက်လမ်းဆုံလမ်းခွလည်းဖြစ်တဲ့အတွက် ဒါ ကျွန်တော်တို့နဲ့ အထူးကိစ္စတစ်ရပ်အနေနှင့် ကျွန်တော် တစ်ပတ်အတွင်း ကျွန်တော် လွှတ်ပါမယ်။ လွှတ်ပြီးတော့ ကြည့်လို့ တကယ်ပဲ ပေးသင့်တယ် ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမြင့်ထွေး မှ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ပြင်ဆင်ချက်ဖြင့် တင်သွင်းထားသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှာ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းပါသည်ခင်ဗျား။

(၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကျင့်သုံးဆောင်ရွက်လျက်ရှိသော တည်ဆဲ ဥပဒေများအနက် ၂၆-၈-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေအမှတ်(၅၂)ဖြင့် ပြဋ္ဌာန်း ခဲ့သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေအား ခေတ်နှင့်လျော်ညီ လိုက်လျောညီထွေမှု ရှိစေရန် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အတည်ပြုပေးနိုင်ရန် ၁၂-၁၀-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၉/၂၀၁၇)နေ့သို့ တင်ပြရာ သဘောတူညီခွင့်ပြုခဲ့ပါသည်။ (၂) မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းနိုင်ရေး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၏ ၁၂-၁၀-၂၀၁၇ ရက်နေ့ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့ခဲ့ပါသည်။

(၃) အဆိုပါ ဥပဒေမူကြမ်းနှင့်ပတ်သက်၍ ၂၄-၁၀-၂၀၁၇ ရက်နေ့တွင် အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၌ ပြုလုပ်သည့်အစည်းအဝေးသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မြတ်သူ၊ ဒေါ်ရွှေစင်မြင့်၊ ပါမောက္ခဒေါက်တာဒေါ်မေထား၊ ဦးမြင့်စိန်၊ ဦးစိုင်းဖေသန်းတို့မှ ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါသည်။(၄) သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ မူလဥပဒေတွင် ပါဝင်ခြင်း မရှိသော ရှေးဦးသူနာပြုစုခြင်းနှင့်ပတ်သက်၍ မတော်တဆဖြစ်မှုများ၊ အကြမ်းဖက်မှုများ၊ သဘာဝ ဘေးအန္တရာယ်များနှင့် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကြုံတွေ့ရသည့် ထိခိုက်ဒဏ်ရာ ရသူများကို လူသားခြင်း စာနာထောက်ထားခြင်းအပေါ် အခြေခံကာ ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အားပေး ကူညီခြင်းများကို ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ရှေးဦးပြုစုခြင်းပညာ ပြန့်ပွားရေးအတွက် အမျိုးသားအဆင့် အစီအမံများ ပြုလုပ်ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ကြက်ခြေနီအသင်း၏ ဗဟိုကောင်စီတွင် အချိန်ပြည့်နှင့် အချိန်ပိုင်း ဗဟိုကောင်စီဝင်များ၏ တာဝန်ခွဲဝေမှုကို သိရှိနိုင်ရန် အတွက်လည်းကောင်း၊ အထွေထွေအတွင်းရေးမှူးသည် ဝန်ထမ်းအကြီးအကဲဖြင့် လုပ်ငန်း ဆောင်ရွက် ရမည်ဖြစ်သောကြောင့် အချိန်ပြည့် အလုပ်အမှုဆောင် (၃)ဦးဟု ပြင်ဆင်ရခြင်း ဖြစ်ပါကြောင်းနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို အချိန်ပြည့် ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်လခစားဝန်ထမ်း အကြီးအမှူး

ကို အထွေထွေအတွင်းရေးမှူးအဖြစ် ခန့်အပ်ရန်အတွက်လည်းကောင်း ဤဥပဒေအား ပြင်ဆင်ရေးဆွဲတင်ပြရခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဦးလားလ်မင်းထန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၇ - ၅၂၈
ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ၊ အောက်တိုဘာလ ၂၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးရန်အတွက် ၂၀-၁၀-၂၀၁၇ ရက်နေ့တွင် ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ချုပ်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာ နှင့် အထူးကိစ္စရပ်များဆိုင်ရာ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၂၄-၁၀-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(ဥ)ကို ပိုမိုပြည့်စုံမှုရှိစေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြို့နယ်အသင်းခွဲများ အလုပ်အမှုဆောင်အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ခြင်းတို့ကို ပြုလုပ်နိုင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၅ တွင်ပါရှိသော ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဒ)ကို ဥပဒေရေးထုံးမှန်ကန်ညီညွတ်စေရန်အတွက် စီမံခန့်ခွဲရေးလုပ်ငန်းများကိုဆောင်ရွက်ရန် အသင်း၏ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးကို အထွေထွေအတွင်းရေးမှူးအဖြစ် ခန့်အပ်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေ ပုဒ်မ ၂၆ ကို အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန်အတွက် အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ တက္ကသိုလ်၊ ကောလိပ်ရှိ အသင်းနှင့် အသင်းခွဲများအတွက် နာယကများ တင်မြှောက်ခြင်းကို အတည်ပြုနိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါသောကြောင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး ၉-၁၁-၂၀၁၇ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]